# ဘုရားသခင်ထံမှ ခွင့်လွှတ်ခံရခြင်း

GOSPEL 316

*"အပြစ်မှလွှတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်းသို့ ရောက်သောသူသည် မင်္ဂလာရှိ၏။" ဆာလံ ၃၂:၁*

ကျွန်ုပ်တို့ ပြုလုပ်သည့် လွဲမှားသောအရာများသည် (သမ္မာကျမ်းစာအရ အပြစ်ဟုခေါ်သည်) မိမိတို့အား ဘုရားသခင်နှင့် ဝေးကွာစေသည်။ ထာဝရကာလအတွက် အဆင်သင့်ဖြစ်ရန်၊ ဘုရားသခင်နှင့် မှန်ကန်စေဖို့ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းရရှိရန် လိုအပ်သည်။ ကျမ်းစာလာ ခွင့်လွှတ်ခြင်း ဟူသည် ဘုရားသခင်က ကျွန်ုပ်တို့၏ အပြစ်များအားလုံးကို ဖယ်ရှားပေးပြီး ထိုအပြစ်များအတွက် ထာဝရအပြစ်ဒဏ်အား ပယ်ရှင်းပေးလိမ့်မည်ဟု ပြောနေခြင်း မဟုတ်ပါ။ ထိုအပြစ်ဒဏ်အတွက် အဖိုးအခပေးကို ပေးရမည် ဖြစ်သည်။ သတင်းကောင်း (ဧဝံဂေလိတရား) မှာ [အပြစ်ကင်းသည့် ဘုရား-လူသားဖြစ်သူ] ယေရှုဟာ သင်၏အပြစ်အတွက် ကားတိုင်ပေါ်မှာ အသေခံပြီး အသွေးတော်အားဖြင့် ကြိုတင်ပေးဆပ်ခဲ့ပြီးပြီ ဖြစ်သည်။ တစ်နည်းအားဖြင့် ယေရှုက သင်၏နေရာတွင် ကိုယ်စား ခံယူပေးခဲ့ခြင်း ဖြစ်သည်။ ယေရှုက သင်၏အပြစ်ဒဏ်အတွက် ကိုယ်စားအသေခံပေးခဲ့သည်။ သို့သော် ထိုအရာက မလုံလောက်ပေ။ ထိုပေးဆပ်ခြင်းသည် သင့်အပေါ်သက်ရောက်မှုရှိရန် လိုအပ်သည်။ အရေးကြီးသည့် မေးခွန်းတစ်ခုမှာ ထိုအရာက မည်ကဲ့သို့ ဖြစ်လာမည်နည်း။ ၎င်းသည် သင်နောင်တရပြီး ယေရှုကို ယုံကြည်ခြင်းအားဖြင့် (သင့်အပြစ်များမှ ဘုရားသခင်ထံသို့ လှည့်ပြန်ခြင်း)၊ ထိုပေးအပ်ခြင်းအား သင့်အပေါ်သို့ သက်ရောက်စေနိုင်သည်။ ထို့နောက်မှသာလျှင် သင်သည် ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းခံရမည် ဖြစ်သည်။

## *ကျွန်ုပ်တို့၏ ပြဿနာ ... ကွဲကွာခြင်း*

*"အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။"* ရောမ ၃:၂၃

*"သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊ သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။"* ဟေရှာယ ၅၉:၂

*"ဘုရားသခင်ကို မသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို နားမထောင်သော သူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ၊ သင်တို့ကို ဆင်းရဲစေဘူးသော သူတို့၌ ဆင်းရဲခြင်းကိုင်၎င်း၊ ဆင်းရဲခံရဘူးသော သင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကို၎င်း၊ ဘုရားသခင် ဆပ်ပေး၍ တရားသဖြင့် စီရင်တော်မူလိမ့်မည်။"* ၂သက် ၁:၇-၈

*"အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။"* ရောမ ၆:၂၃

*"ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသောသူတို့အတွက်ကြောင့် အသေခံတော်မူ၏။"* ရောမ ၅:၆

## *ဘုရားသခင်၏ အဖြေ ... ကိုယ်စားခံယူခြင်း*

*"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။"* ယောဟန် ၃:၁၆

*"ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည် ငါတို့ကို ချစ်၍ ငါတို့၏ အပြစ်ဖြေစရာအကြောင်း [အပြစ်ဖြေရာယဇ်] ဖြစ်စေခြင်းငှါ၊ သားတော်ကို စေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။"* ၁ယော ၄:၁၀

*"ငါတို့သည် အပြစ်၌ ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။"* ရောမ ၅:၈

*"ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည်အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီး ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။"* ၁ပေ ၂:၂၄

*"ထိုသူ (ယေရှု) ကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။"* ယောဟန် ၁:၁၂

## *သင်ခွင့်လွှတ်ခြင်းခံရဖို့ ... ယေရှုခရစ်ကို ယုံကြည်ရန်လိုအပ်ခြင်း*

*"ထိုသခင် (ယေရှု) ကို ယုံကြည်သောသူ ရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရကြလတံ့ဟူ၍ ပရောဖက် အပေါင်းတို့သည် ထိုသခင်၏ သက်သေခံ ဖြစ်ကြသည်"* (တမန် ၁၀:၄၃)။ *"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ"* (ဧဖက် ၂:၈-၉)။ နောင်တရခြင်းဖြင့် (ယုံကြည်ရုံသက်သက်မဟုတ်ပဲ) ယေရှုခရစ်ကို သင်လက်ခံယုံကြည်နိုင်သည်။ ထိုနောင်တရခြင်းသည် ယေရှုခရစ်ထံ ယုံကြည်ခြင်းဖြင့် လှည့်ပြန်ခြင်း ဖြစ်သည်။ ဤဆုတောင်းချက်သည် သင်လုပ်ဆောင်နိုင်မည့် နည်းလမ်းလည်း ဖြစ်သည်။ ၎င်းသည် ကျိန်ဆိုသစ္စာပြုခြင်း၊ ဂါထာရွတ်ဆိုခြင်းမျိုး မဟုတ်ပါ။ သင်၏ နှလုံးသားထဲမှ အမှန်တကယ် စိတ်ဆန္ဒရှိပါက ဤဆုတောင်းချက်အတိုင်း ဆုတောင်းနိုင်ပါသည်။

**အို ဘုရားသခင်၊**
**ကျွန်ုပ်၏ လိုအပ်ချက်ကို ဝန်ခံပါ၏ ... အကျွန်ုပ်သည် အပြစ်သားတစ်ယောက်ဖြစ်ပါ၏။**
**ကျွန်ုပ်နောင်တရ၍ ... မိမိအပြစ်ထဲမှ ကိုယ်တော့်ထံသို့ လှည့်ပြန်လာပါ၏။**
**ယေရှုခရစ်သည် ဘုရားဖြစ်ပြီး ... အကျွန်ုပ်အတွက် ကားတိုင်ပေါ်မှာ အသေခံပေးခဲ့ကြောင်း လက်ခံယုံကြည်ပါ၏။**
**ထိုယေရှုအား ကျွန်ုပ်၏ ကယ်တင်ပိုင်ရှင်အဖြစ် ဖိတ်ခေါ်ပါ၏။**
**အာမင်**

ယေရှုသည် သင်၏ အပြစ်များအတွက် အပြစ်ဒဏ်ကို ပေးဆပ်ပေးခဲ့သည်။ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် သူ၏
ပေးဆပ်ခြင်းသည် သင်၏ ပေးဆပ်ခြင်း ဖြစ်လာသည်။
သင်သည် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ခံရသူဖြစ်ပြီး ယေရှုက သင်သည် ထာဝရကာလအတွက်
ကယ်တင်ခြင်း စိတ်ချမှုရှိကြောင်း မိန့်တော်မူခဲ့သည် (ယောဟန် ၃:၁၆)။



*ဘုရားသခင်ထံမှ ခွင့်လွှတ်ခံရခြင်း အခမဲ့ PDF ကိုအခြားသော ဘာသာစကား အမျိုးမျိုးဖြင့် အဆိုပါ လင့်ခ်မှ ရယူနိုင်ပါသည်* Gospel316.org.

**အကယ်၍ သင်သည် ထိုဆုတောင်းချက်အတိုင်း စိတ်ရောကိုယ်ပါ ဆုတောင်းခဲ့ပါက** သင်သည် ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်း ခံရပြီး သူနှင့်အတူ ထာဝရကာလအတွက် စိတ်ချမှုကို ရရှိပြီ ဖြစ်သည်။ ယေရှု၏ ပေးဆပ် အသေခံခဲ့ခြင်းသည် သင့်အား ခွင့်လွှတ်ခြင်းကို ပေးခဲ့ပြီ ဖြစ်သည်။ သင်၏ လက်ရှိပိုင်ဆိုင်မှုအနေဖြင့် ထာဝရအသက်ကို ရရှိထားကြောင်း ဘုရားသခင်က ကတိတော်ပေးထားပါသည်။ သင်သည် တရားစီရင်ခြင်းကို ခံရလိမ့်မည်မဟုတ်တော့ပေ။ သင်သည် သေခြင်းမှ ရှင်ခြင်းသို့ ကူးပြောင်းခဲ့ပြီ ဖြစ်သည် (ယောဟန် ၅:၂၄)။ သင်သည် လုံခြုံစိတ်ချမှု အပြည့်ရရှိသောသူ ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် အဘယ်သူမှ ဘုရားသခင်၏ တန်ခိုးကြီးသည့် လက်တော်ထဲကနေ သင့်အား နှုတ်ယူ၍ မရချေ။ သင့်ဘက်က ဘုရားသခင်ကို ဆုပ်ကိုင်ထားသည်ထက် ဘုရားသခင်က သင့်အား ဆုပ်ကိုင်ထားခြင်းသာ ဖြစ်သည်။ ယေရှု မိန့်တော်မူသည်မှာ၊ *“ထာဝရအသက်ကိုလည်း ငါပေး၏။ သိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ။ ထိုသိုးတို့ကို ငါ၌ အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသော သူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏ လက်မှ မနှုတ်မယူနိုင်ရာ”* (ယောဟန် ၁၀:၂၈–၂၉) ဟူ၍ဖြစ်သည်။

**အကယ်၍ သင်သည် ထိုဆုတောင်းချက်အား ဆုတောင်းရန် အဆင်သင့်မဖြစ်သေးပါက** ထိုအရာကို သင်၏ အရေးကြီးဆုံး ဦးစားပေးလုပ်ရမည့် အရာတစ်ခုအဖြစ် ထားရှိပါ။ သင်၏ ဆုံးဖြတ်ချက်သည် ထာဝရကာလအတွက် အရေးပါမှုနှင့် အကျိုးဆက်လည်း ရှိပေသည်။ သင်္ချိုင်းဂူ၏ နောက်ကွယ်တွင် ဒုတိယအခွင့်အရေးဟူ၍ မရှိချေ။ *“လူသည်တခါတည်း သေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့”* (ဟေဗြဲ ၉:၂၇)။ သင်၏ဆုံးဖြတ်ချက် ချမှတ်ရာတွင် အဖြေထုတ်မရသော မေးခွန်းများရှိပါက ဤစာစောင်ကိုပေးသောသူအား မေးမြန်းပြောဆိုပါ။

## ပုံဖော်ခြင်းနှင့် အနက်ဖွင့်ဆိုခြင်း

**ခွင့်လွှတ်ခြင်း။**
ခွင့်လွှတ်ခြင်း–သမ္မာကျမ်းစာလာ ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့အပြစ်အတွက် အဖိုးအခပေးဖို့ရန် လိုအပ်သည်။ အပြစ်၏ အခသည် ဘုရားသခင်နှင့် ထာဝရကွဲကွာခြင်း ဖြစ်သည်။ ကျမ်းစာလာ ခွင့်လွှတ်ခြင်းသည် သင်၏ အပြစ်နှင့် အပြစ်၏အခကို ယေရှုထံသို့ လွှဲပြောင်းပေးခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်နှင့် အပြစ်ဒဏ်များကို အပြစ်ကင်းမဲ့သည့် ယေရှုအား ပေးခဲ့သည်။ ထိုနောက် ဘုရားသခင်သည် သူ၏ ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အား ပေးခဲ့သည်။ ထိုအရာသည် ကောင်းကင်၌ စာအုပ်နှစ်အုပ် ရှိသကဲ့သို့ ဆင်တူလှသည်။ သင်၏ ပထမ မှတ်တမ်းစာအုပ်သည် သင်ပြုလုပ်ခဲ့သည့် အမှားတိုင်းကို အမှတ်အသားနှင့် ပြုလုပ်ထားသည်။ ထိုစာမျက်နှာများသည် ရေးမှတ်ရာများနှင့် ပြည့်နှက်နေသည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့ပြုမိ၍ ကျူးလွန်သည့် အပြစ် (သိလျက်နှင့် ပြုမိသော အပြစ်) နှင့် ကျွန်ုပ်တို့ မပြုပဲလျက် ကျူးလွန်သည့် အပြစ် (မသိပဲလျက် ပြုမိသော အပြစ်) ဟူ၍ ရှင်းလင်းစွာ ဖော်ပြထားသည်။ အချို့သော စိတ်ကူးအတွေးများသည်ပင်လျှင် အပြစ် ဖြစ်စေနိုင်သည်။ တစ်နေ့တွင် အပြစ်သုံးခု လုပ်ခြင်းသည် နှစ်တိုင်း ပြစ်မှု ၁၀၀၀ ကျူးလွန်ခြင်းနှင့် ညီမျှသည်။ တစ်ဘဝလုံးစာ ပြောရလျှင် အပြစ်များမှာ များပြားလှသည်။ အခြားစာအုပ်သည် အပြစ်ကင်းသည့် ယေရှုအကြောင်း မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ထိုစာမျက်နှာများသည် ရှင်းလင်း၍ သန့်ရှင်းစင်ကြယ်လှသည်။ ယေရှုကို သင်ယုံကြည်လိုက်သည့် အချိန်တွင် ထိုစာအုပ်နှစ်အုပ်၏ အဖုံးများသည် လဲလှယ်ထားသကဲ့သို့ ထင်ရပြီး သင့်နာမည်ပါသည့် မှတ်တမ်းစာအုပ်သည် အလုံးစုံ ရှင်းလင်းသန့်စင်သွားပြီ ဖြစ်သည်။ သင်၏ အပြစ်နှင့် အပြစ်၏အခသည် ကင်းစင်သွားပြီဖြစ်သည်။

**စစ်မှန်သော အဖြေ။**
ယေရှု မိန့်တော်မူသည်မှာ၊ *“ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ”* (ယောဟန် ၁၄:၆) ဟူ၍ဖြစ်သည်။ သမ္မာကျမ်းစာ၏ဖြေရှင်းနည်းအရ ကျွန်ုပ်တို့ အပြစ်ကြောင့် ဘုရားသခင်နှင့် ဝေးကွာရခြင်းမှာ ထူးခြားလှသည်။ အခြားသော ဘာသာများတွင် ဘုရားတစ်ပါးပါးက ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပေးမည် ဟူသော မျှော်လင့်ချက်နှင့် အပြစ်များဖြင့် ထာဝရကာလကို ရင်ဆိုင်ဖို့ တောင်းဆိုတတ်သည်။ ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပြီး သန့်ရှင်းစင်ကြယ်စေသည့် ယေရှု၏ နည်းလမ်းမှာ ထူးခြားလှသည်။ ထို့နောက် ကျွန်ုပ်တို့၏ အပြစ်များကို ချေဖျက်ပေးပြီး ဘုရားသခင်နှင့်အတူ ထာဝရကာလကို ရင်ဆိုင်ခွင့်ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့၏ အပြစ်များသည် ယေရှုဆီသို့ ကူးပြောင်းသွားခြင်းကြောင့် ဖြစ်သည်။ တမန်တော် ရှင်ပေတရုက၊ *“ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ”* (တမန်တော် ၄:၁၂) ဟုဆိုခဲ့သည်။ တမန်တော် ရှင်ပေါလုကလည်း၊ *“ဘုရားသခင်တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ် စွန့်တော်မူပြီ။ ကာလအချိန်တန်မှ သက်သေခံခြင်းရှိ၏”* (၁တိ ၂:၅–၆) ဟုရေးသားခဲ့သည်။ ယေရှု၏ နည်းလမ်းသည်သာလျှင် တကယ့်အဖြေ ဖြစ်သည်။

**ယေရှုကို ယုံကြည်ခြင်း။**
ယေရှုကို ယုံကြည်ခြင်းသည် ယေရှုကို *ယုံကြည်ခြင်းအကြောင်း* ထက် ပိုပါသည်။ သင့်ကိုယ်သင် တောင်များအပေါ်၌ မြင့်မားစွာ ပျံသန်းနေသည့် လေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူ ခရီးသည် တစ်ဦးဖြစ်ပြီး ရုတ်တရက်ကြီး စက်အင်ဂျင်များ တဖုတ်ဖုတ်မြည်ကာ ပျက်စီးသွားသည်ဟု မြင်ယောင်ကြည့်ပါ။ လေယာဉ်ပျံသည် ပြင်းထန်စွာဖြင့် မီးလောင်ပြီး ပျက်ကျမည့် အခြေအနေသို့ ဦးတည်နေသည်။ လေယာဉ်မှူးက လူတိုင်း လေထီးဝတ်ဆင်ပြီး ဖွင့်ထားသည့် တံခါးပေါက်မှ ထွက်ခွာရန် ညွှန်ကြားနေသည်။ သင်က လေထီးအကြောင်းသိပြီး တီဗွီတွင် မြင်ဖူးမည် ဖြစ်သော်လည်း ယခုလက်ရှိနှင့် ကွဲပြားလှသည်။ တံခါးပေါက်မှတစ်ဆင့် လေယာဉ်ပေါ်မှ ခုန်ဆင်းရန်မှာ လေထီးကို *ယုံကြည်ခြင်းအကြောင်း* ထက်ပိုပြီး လေထီးကို *ယုံကြည်ခြင်းထားရန်* လိုအပ်သည်။ တချို့သော လေထီးအိတ်များမှာ အလုပ်လုပ်လိမ့်မည် မဟုတ်ပေ။ သင်မည်ကဲ့သို့ဖြစ်မည်ကို မသိဘဲ ခုန်ဆင်းသွားပြီး အသက်ရှင် ကျန်ရစ်ဖို့ရန် မှန်ကန်သည့် လေထီးကို ရရှိထားဖို့ လိုသည်။ လေထီးဖြင့် ခုန်ဆင်းသွားခြင်းသည် ၁၀၀ ရာခိုင်နှုန်း ၎င်း၌ယုံကြည်ခြင်းကို ဝန်ခံလိုက်ခြင်းပင် ဖြစ်သည်။ သင်၌ သံသယများအချို့ ရှိကောင်းရှိနိုင်ပါသည်။ သို့သော် အသက်ရှင်ကျန်ရစ်ရန်အတွက်မူ လေထီးအပေါ် အပြည့်အဝ စိတ်ချယုံကြည်ရန် လိုအပ်သည်။ ယေရှုသည် ထာဝရကာလအတွက် စစ်မှန်သည့် တစ်ပါးတည်းသော လေထီးပင် ဖြစ်သည်။ ယုံကြည်ခြင်းဖြင့် ခြေလှမ်းလှမ်းလိုက်ပါ။ သူ့ကို ယုံကြည်ပါ။

**ပုံနှိပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ**–တစ်မျက်နှာပေါ်တွင် ကျောကပ်ပုံနှိပ်ရန် အကြံပြုပါသည်။ ကာလာ သို့မဟုတ် အဖြူအမဲဖြင့် ပုံနှိပ်ထုတ်ဝေရန်။

---

*ဘုရားသခင်ထံမှ ခွင့်လွှတ်ခံရခြင်း* © ၂၀၂၄ သည် Acts One Eight အားဖြင့် ထုတ်ဝေပြီး www.Gospel316.org မှ ရယူထားပါသည်။ ဤထုတ်ပြန်ချက် အပြည့်အစုံဖြင့် ပြောင်းလဲခြင်းမရှိဘဲ လွတ်လပ်စွာ ထုတ်ဝေခြင်း၊ ကူးယူခြင်း၊ ကြေငြာခြင်း၊ စာပို့ခြင်းများ ပြုလုပ်နိုင်ပါသည်။ သို့သော် သင်၏ သာသနာ သို့မဟုတ် အသင်းတော်အမည်နှင့် လိုဂိုအမှတ်အသားအား ထည့်သွင်းပေးစေ လိုပါသည်။ Acts One Eight သည် သမ္မာကျမ်းစာအပေါ်၌ လုံးဝအခြေခံထားပါသည်။ ၎င်းက လူများအား ယေရှုခရစ်ကို ယုံကြည်လက်ခံပြီး သူ၏ နောက်လိုက်တပည့်တော်များ ဖြစ်လာစေရန် ကူညီပေးလျက်ရှိသည်။ အင်္ဂလိပ်ဘာသာစကား မဟုတ်သည့် အခြားသော ဘာသာများအတွက် ဘာသာပြန်ဝန်ဆောင်မှုအား www.ChristianLingua.com မှအဓိက ပံ့ပိုးပေးထားသည်။ မူရင်း အင်္ဂလိပ်ဘာသာပြန်တွင် ပါရှိသည့် ကျမ်းပိုဒ်ကိုးကားချက်များသည် New American Standard Bible (NASB) ကျမ်းစာမှ ကောက်နှုတ်ထားပါသည်။ ဤဘာသာပြန်ရှိ ကျမ်းပိုဒ်ကိုးကားချက်များသည် “ယုဒသန်မြန်မာ” ကျမ်းစာဘာသာပြန်မှ ဖြစ်သည်။